# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၉)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော (၈၉)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာမှာ အောက်ပါ အတိုင်းဖြစ်သည်။ တိုင်းရင်းသား ပြည်သူအပေါင်းတို့ခင်ဗျား–

ယနေ့အချိန်အခါသမယသည် မြန်မာနိုင်ငံ၏လွတ်လပ်ရေးနှင့် ကြိုးပမ်းမှုသမိုင်းတွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို နယ်ချဲ့တို့လက်မှ ပြန်လည်ရယူနိုင်ရေးအတွက် အမျိုးသား ရေးစိတ်ဓာတ် ထက်မြက်မြင့်မားစွာဖြင့် အမျိုးသားပညာရေးလှုပ်ရှားမှုကြီးကို စတင်လှုပ်ရှားဆောင်ရွက်ခဲ့သည့် (၈၉) နှစ်မြောက် အမျိုးသားနေ့ဖြစ်ပါသည်။

အစဉ်ထာဝရ မော်ကွန်းတင် အမျိုးသား ဝံသာနုရက္ခိတ တရားကို အရင်းခံ၍ မြန်မာတို့၏လူမှုစီးပွားရေးဘဝနှင့် လိုက်လျောညီထွေသည့် ပညာရေးစနစ်တစ်ရပ် ပေါ်ထွန်းလာရေး အတွက် တစ်မျိုးသားလုံး ပူးပေါင်းပါဝင်ခဲ့သည့် အမျိုးသားရေး လှုပ်ရှားမှုကြီးမှတစ်ဆင့် တစ်မျိုးသား လုံး၏ ထက်မြက်မြင့်မားသည့် နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်တို့ဖြင့် စည်းလုံး ညီညွတ်စွာ ဆက်လက်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြရာမှ နိုင်ငံတော်၏ လွတ်လပ်ရေးအောင်ပန်းကို အရှိန်အဟုန်ဖြင့် တက်လှမ်းရယူ နိုင်ခဲ့သဖြင့် အဆိုပါ လှုပ်ရှားမှုကြီး စတင်ခဲ့သည့်နေ့ ကို အမျိုးသားနေ့အဖြစ် အစဉ်ထာဝရ မော်ကွန်းတင်ထားရမည်ဖြစ်ပါသည်။

ပူးပေါင်းလက်တွဲ

မြန်မာတို့သည် မျိုးရိုးဗီဇအားဖြင့် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာတည်းဟူသော နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ထက်မြက်မြင့်မားသူများဖြစ်ကြသဖြင့် မြန်မာနိုင်ငံ ၏ သမိုင်းစဉ်တစ်လျှောက် ခေတ်အဆက်ဆက်တွင် တိုင်းတစ်ပါးက ထိပါးကျူးကျော် လာမှုမှန်သမျှကို တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပူးပေါင်းလက်တွဲ၍ ရှုပ်ရှုပ်ချွံချွံ တွန်းလှန်တိုက်ထုတ်နိုင်ခဲ့ခြင်းဖြင့် မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်း မြှင့်တင်နိုင်ခဲ့ပါသည်။

တွန်းလှန်ဖယ်ရှား

မျက်မှောက်ကာလတွင် ခေတ်သစ်ကိုလိုနီ နယ်ချဲ့နိုင်ငံကြီးအချို့သည် အခြားနိုင်ငံ များ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး နယ်ပယ်အသီးသီးတွင် လွှမ်းမိုးခြယ်လှယ်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကို အခြေခံသည့် အမျိုးသားရေးသတိဖြင့် အစဉ်တွန်းလှန် ဖယ်ရှားသွား ရမည် ဖြစ်ပါသည်။

ကာကွယ်တားဆီး

လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိနိုင်ငံနှင့် မိမိလူမျိုးတို့၏ ကံကြမ္မာကို မိမိတို့ ကိုယ်တိုင် လွတ်လပ်စွာ ဖန်တီးဖော်ဆောင်နိုင်ရေး၊ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့အတွက် တိုင်းတစ်ပါးမှ ဝင်ရောက်စွက်ဖက် နှောင့်ယှက်မှုများကို အမျိုးသားရေး ဦးတည်ချက်များ ဖြစ်သည့်

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး အစရှိသည့် ဒို့တာဝန်အရေးသုံးပါးကို လက်ကိုင်ထားပြီး သွေးစည်းညီညွတ်စွာဖြင့် ကာကွယ်တားဆီး သွားရမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးတိုးတက်

ကမ္ဘာနဲ့အဝန်း သိပ္ပံနှင့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုးတက် ပြောင်းလဲလာ သည့် နိုင်ငံတကာပညာရေးအဆင့်အတန်းနှင့် ရင်ပေါင်တန်းနိုင်မည့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကိုချမှတ်ပြီး နိုင်ငံတော် အတွက် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသအလိုက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိရာ နယ်စပ်ဒေသနှင့် ကျေးလက်ဒေသမကျန် အကြားအလပ်မရှိ ဖွံ့ဖြိုး တိုးတက်လာပြီ ဖြစ်ပါသည်။

ပြင်ဆင်ဆောင်ရွက်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးအဖြစ် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးက တစ်ခဲနက်ထောက်ခံ အတည်ပြုပေးခဲ့ပြီးဖြစ်သည့်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများကို ၂၀၁၀ ခုနှစ်မှာ ဆက်လက်ကျင်းပ ပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

စိစစ်ရွေးချယ်

နိုင်ငံတော်နှင့် ပြည်သူများ၏ အနာဂတ်ဘဝ ကောင်းမွန်တိုးတက်ရေးအတွက် ချမှတ်ထား သော မူဝါဒလမ်းစဉ်များနှင့်အညီ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်ရာ တိုင်းရင်းသားပြည်သူများအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူ တစ်ရပ်လုံး အတွက် ယုံကြည်အားထားရမည့် ကိုယ်စားလှယ်များကို အလေးထားစိစစ် ရွေးချယ် ပေးကြရမည် ဖြစ်ပါသည်။

သို့ဖြစ်၍ (၈၉)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များဖြစ်ကြသည့်–

(၁) ဝံသာနုရက္ခိတစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး၊
(၂) အမျိုးသားပညာရည်မြင့်မားရေး၊
(၃) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊
(၄) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်ရေး၊

ဟူသော ဦးတည်ချက်များနှင့်အညီ အမျိုးသားရေးအားမာန်အပြည့်အဝ စိုက်ထုတ်၍ ကြိုးပမ်း ဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာ့အလင်းသတင်းစာ၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ်(၄၂) မှ ပြန်လည်ကူးယူဖော်ပြပါသည်။

# Senior General Than Shwe sends National Day message

NAY PYI TAW, 11 Nov—The following is the translation of the message sent by Chairman of the State Peace and Development Council Commander in Chief of Defence Services Senior General Than Shwe on the occasion of the 89th Anniversary National Day.

Esteemed national people, Today, the National Day is in its 89$^{th}$ anniversary that represents national education promotion movements launched with a strong sense of nationalistic fervour in the Myanmar's struggles to regain independence and sovereignty from the colonialists.

Inspired by nationalistic spirit, the entire national people showed consolidated unity in the national level movement for bringing about an education system that conforms to the Myanmar socio-economic life. Then, the people stepped up the struggles in unity with a sense of nationalistic spirit, patriotism, and Union Spirit. As a result, the nation managed to regain independence. Therefore, the day on which the national movement began was designated as National Day.

Myanmar people are by nature strongly equipped with a sense of nationalistic fervour and patriotism with which they safeguard own lineage, religious faith, and education. So, national brethren have been capable of preserving and promoting national prestige and integrity by bravely and harmoniously repulsing alien invasions in the course of the Myanmar history.

Nowadays, certain neo-colonialist countries are interfering in the internal affairs of their targeted countries with the intention of widening the scope of their domination in various fields. Accordingly, the entire people are to tackle such political attempts with national awareness based on true patriotic spirit.

Myanmar is an independent country, so all are duty-bound to cohesively ward off alien threats with national objectives such as Our Three Main National Causes "Non-disintegration of the Union, Non-disintegration of national solidarity, and Perpetuation of sovereignty" to be able to improve the future of the nation and the people, and ensure perpetuation of sovereignty.

Today, the world sees dramatic advancements in science and technology. The youth are being nurtured and groomed in accordance with the 30-year national education promotion plan, which can help the nation keep abreast of global partners in terms of education, with the aim of bringing about reliable human resources in the interest of the nation and the regions concerned. Now, all regions of the Union including border areas and rural regions have enjoyed equitable development.

Now, the State's seven-step Road Map is in the process of being implemented to shape the nation into a peaceful, modern and developed discipline-flourishing democratic one. The constitution of the Union of Myanmar has been approved with massive support of the people at the referendum. The government is gearing up to hold the election according to the new constitution in 2010.

The government is determined to see to the policies it has laid down for better future of the nation and the people. Therefore, the people on their part are to elect reliable candidates in the public interest.

Therefore, I would like to urge the entire people to work hard with nationalistic vigour in line with the 89th Anniversary National Day objectives: —

(1) To strengthen nationalistic spirit and uplift national prestige and integrity
(2) To promote national education,
(3) Perpetuity of independence and sovereignty of the State,
(4) To achieve success in implementing the seven-step Road Map.

MNA

Source: THE NEW LIGHT OF MYANMAR Wednesday, 11 November, 2009